# UNHCR THAILAND

16 – 28 October 2015

## MEDIA MONITORING REPORT #136

## ငြိမ်းချမ်းရေးနှင့်ပြန်လည်ရင်ကြားစေ့ရေး

### ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်မြန်မာနိုင်ငံရှိတိုင်းရင်းသားပညာရေး

Democratic Voice of Burma, 18 October 2015

မြန်မာနိုင်ငံသည်နိုဝင်ဘာလ(၈)ရက်နေ့သမိုင်းဝင်ရွေးကောက်ပွဲအတွက်ကြိုတင်ပြင်ဆင်နေသောကြောင့်လာမည့်ရလဒ်အပေါ်ထိုက်သင့်အားလျော်စွာအထူးဂရုပြုအာရုံစိုက်ခဲ့ကြပြီးလိုချင်အတောင့်တဆုံးမှာမည်သူကနိုင်ငံ၏နောင်လာမည့်သမ္မတဖြစ်လာမည်လဲဆိုသည်ပင်ဖြစ်သည်။နောက်ထပ်အဓိကအကြောင်းအရာတစ်ခုမှာအစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏အငြင်းပွားဖွယ်ရာတစ်နိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်နောက်ဆက်တွဲအရငြိမ်းချမ်းရေးလုပ်ငန်းစဉ်များရှေ့ဆက်သွားနိုင်ပါ  ကမည်သို့မည်ပုံဖြစ်လာမည်နည်းဆိုသည်ပင်ဖြစ်သည်။

ဤမေးခွန်းများ၏အဖြေများသည်လာမည့်ရာစုနှစ်များနှင့်အနာဂတ်အလွန်တွင်မြန်မာနိုင်ငံသည်မည်သည့်နိုင်ငံမျိုးဖြစ်လာနိုင်သည်ဆိုသည့်အပေါ်တွင်မူတည်သတ်မှတ်မည်ဖြစ်သည်။ယေဘူယျအားဖြင့်အာဏာတည်ဆောက်ပုံနှင့်၎င်းအာဏာအားမည်သူဆုပ်ကိုင်လိမ့်မည်ဆိုသည့်အပေါ်ဦးတည်ထားဆွေးနွေးမှုများရှိသည်။မူဝါ  ဒဆိုင်ရာမေးခွန်းများတွင်အာရုံစိုက်မှုလျော့နည်းလာကြသည်။

နောင်တက်လာမည့်အစိုးရကမည်သို့လုပ်သင့်သနည်း၊မည်ကဲ့သို့လုပ်ဆောင်မည်နည်း။ဤဆောင်းပါးတွင်ပညာရေးနှင့်ဆက်နွယ်နေသည့်အကြောင်းအရာအချို့နှင့်မူဝါ  ဒရွေးချယ်မှုများကိုလေ့လာဖော်ထုတ်ခဲ့ကြပြီးအထူးသဖြင့်တိုင်းရင်းသားဘာသာသင်ကြားရေးပင်ဖြစ်သည်။ခေါင်းစဉ်သည်လူမှုကဏ္ဍအမြောက်အများနှင့်ဆက်စပ်နေပြီးအထူးသဖြင့်တိုင်းရင်းသားလူထုအသိုင်းအဝိုင်းများတွင်ဖြစ်သည်။

တိုင်းရင်းသားပညာရေးနှင့်မိခင်ဘာသာစကားအခြေပြုသင်ကြားခြင်း

မိခင်ဘာသာစကားအခြေပြုသင်ကြားခြင်းသည်ကလေးများအားစာသင်ကြားရာတွင်အနည်းဆုံးနှစ်စပိုင်းလောက်များတွင်ကြားခံဆက်သွယ်ရေးအဖြစ်ကလေးများအား၎င်းတို့၏ဦးဆုံးဘာသာစကား(သို့-မိခင်ဘာသာစကား)မှတဆင့်ပညာရေးအားစတင်လိုက်ခြင်းကိုဆိုလိုသည်၊တိုင်းရင်းသားမိခင်ဘာသာစကားဖြင့်ကျောင်းစာသင်ယူခြင်းသည်မြန်မာနိုင်ငံကဲ့သို့တိုင်းရင်းသားပေါင်းစုံနေထိုင်သည့်တိုင်းပြည်၌ပညာရေးဆိုင်ရာအကြောင်းပြချက်(အဘယ့်ကြောင့်ဆိုသော်မြန်မာစကားမပြောတတ်သည့်ကလေးများကို၎င်းတို့မိခင်ဘာသာစကားဖြင့်သင်ကြားပါ  ကစာသင်ကျောင်းတွင်ပိုမိုတိုးတက်မည်ဖြစ်ပြီး)၊နိုင်ငံရေးဆိုင်ရာအကြောင်းပြချက်(အဘယ့်ကြောင့်ဆိုသော်တိုင်းရင်းသားဘာသာစကားအသုံးပြုခြင်းနှင့်တိုင်းရင်းသားဂုဏ်သိက္ခာကိုဂုဏ်ယူစွာထိန်းသိမ်းခြင်းတို့အတွင်းအခိုင်အမာချိတ်ဆက်နေသောကြောင့်)ဖြစ်သည်။နိုင်ငံတော်ဆိုင်ရာဘာသာစကား(မြန်မာစာ)ကိုသင့်တော်သောအခြေအနေများတွင်ဖြည်းဖြည်းချင်းစတင်သင်ကြားသည်ဟူ၍လည်းMTBသင်ကြားခြင်းကိုအဓိပ္ပါယ်ဖွင့်ဆိုနိုင်သည်။

အနည်းဆုံး၁၉၆၂ခုနှစ်ကတည်းကပင်မြန်မာနိုင်ငံရှိနိုင်ငံသားတိုင်းရင်းသားလူမျိုးများသည်စစ်တပ်လွှမ်းမိုးခြယ်လှယ်ခြင်း၏တစိတ်တပိုင်းအနေဖြင့်အတင်းအကြပ်လက်သင့်ခံခိုင်းမှုတွင်အတွေ့အကြုံများရှိခဲ့သည်။အမှန်စင်စစ်တွင်တိုင်းရင်းသားအဖွဲ့အစည်းအများအပြားသည်အစိုးရအားစစ်တပ်အဖြစ်မှတ်ယူနေဆဲပင်ဖြစ်သည်။ထိုကဲ့သို့ထင်မှတ်ခြင်းများ၏ရလဒ်အနေဖြင့်၎င်းကဲ့သို့သောအကြောက်တရားနှင့်အယုံအကြည်ကင်းမဲ့ခြင်းများကိုမျိုးဆက်များဆီသို့ဆောင်ယူသွားလိမ့်မည်ဖြစ်သည်။သို့သော်ငြားလည်းပညာရေးနှင့်နိုင်ငံရေးဆိုင်ရာကျယ်ကျယ်ပြန့်ပြန့်ပြုပြင်ပြောင်းလဲခြင်းများ၌မကြာသေးမီကဖွံ့ဖြိုးတက်မှုများသည်အစိုးရကျောင်းများတွင်MTBသင်ကြားရေးကိုစတင်မိတ်ဆက်ခြင်းအဖြစ်မြင်တွေ့ရသော်လည်းဒုတိယဘာသာစကားအနေနှင့်သာဖြစ်ပြီးကြားခံဆက်သွယ်ရေးနည်းလမ်းအဖြစ်မပြုလုပ်ခဲ့ပေ။အချို့နေရာဒေသများတွင်(ဥမာအားဖြင့်မွန်ပြည်နယ်တစိတ်တဒေသတွင်)နိုင်ငံသားတိုင်းရင်းသားအများအပြားမှအဓိကတောင်းဆိုသည်များထဲမှတစ်ခုအနေဖြင့်၎င်းကိုကျောင်းစာသင်ချိန်တွင်တိုင်းရင်းသားဘာသာစကားသင်ကြားခြင်းအနေဖြင့်ထည့်သွင်းခဲ့သည်။တိုင်းရင်းသားအဖွဲ့အစည်းအများအပြားမှလမ်းကြောင်းမှန်ပေါ်တွင်အနည်းငယ်သောအဆင့်အဖြစ်သာနှိုင်းစာ၍မြင်ခဲ့သော်လည်း၎င်းသည်မှာအပြုသဘောဆောင်သည့်ဖွံ့ဖြိုးတိုးတက်မှုတစ်ခုပင်ဖြစ်သည်။

ဆယ်စုနှစ်များစွာနိုင်ငံသားတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ(EAGs)နှင့်အရပ်ဖက်အဖွဲ့အစည်းများသည်မကြာခဏတွေ့ကြုံရသည့်အလွန်ခက်ခဲသည့်အခြေအနေများအောက်တွင်၎င်းတို့ဘာသာစကားများနှင့်ယဉ်ကျေးမှုများကိုကာကွယ်စောင့်ရှောက်ပြီးထုတ်ဖော်ပေးသည့်ပညာရေးစနစ်ဖွံ့ဖြိုးတက်မှုများအပါ အဝင်နည်းဗျူဟာအတော်များများမှတဆင့်မြန်မာလူမျိုးကြီးဝါ ဒကိုဆန့်ကျင်တိုက်ခိုက်ခဲ့သည်။မြန်မာနိုင်ငံ၌အစိုးရမဟုတ်သည့်တိုင်းရင်းသားပညာရေးစနစ်မျိုးစုံရှိသည်၊(အစိုးရနှင့်တိုင်းရင်းသားအဖွဲ့အစည်းများပူးတွဲလုပ်ဆောင်သည့်)လူမျိုးပေါင်းစုံရောနှောထားသောကျောင်းများမှတဆင့်၊အစိုးရပညာရေးဝန်ထမ်းများအခန်းကဏ္ဍမရှိသည့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအထူးသီးသန့်အုပ်ချုပ်သည့်ကျောင်းများမှတဆင့်၊အစိုးရစာသင်ကျောင်းများတွင်ဒေသတွင်းတိုင်းရင်းသားပညာရေးစနစ်ကိုလည်းစီရီထည့်သွင်းရမည်ဖြစ်သည်။

## <u>**အပစ်အခတ်ရပ်စဲရေးစာချုပ်ပါ အချက်များကိုအကောင်အထည်ဖော်ရန်အတွက်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးပူးတွဲစောင့်ကြည့်ရေးကော်မတီဖွဲ့စည်း**</u>

Asia & Pacific Edition, 18 October 2015

ကြာသာပတေးနေ့တွင်တစ်နိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေး(NCA)လက်မှတ်ရေးထိုးပြီးနောက်ပိုင်းနောက်ဆက်တွဲအနေဖြင့်စာချုပ်ကိုအကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက်လွန်ခဲ့သည့်ရက်က၎င်းတို့နှစ်ရက်တာအစည်းအဝေးဆက်တိုက်ကျင်းပရာ၌မြန်မာအစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည်ပူးတွဲစောင့်ကြည့်ရေးကော်မတီကိုဖွဲ့စည်းခဲ့သည်။

ပူးတွဲကော်မတီသည်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးပူးတွဲစောင့်ကြည့်ရေးကော်မတီဖြစ်ပြီး၎င်းသည်လက်နက်ကိုင်တိုက်ပွဲများပြန်လည်ဖြစ်ပွားမည်ကိုကာကွယ်ရန်ဖြစ်သည်၊ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးရေးပူးတွဲကော်မတီသည်နိုင်ငံရေးဆွေးနွေးပွဲများကိုဖြစ်မြောက်အောင်ဆောင်ရွက်ပေးသည့်အဖွဲ့ဖြစ်သည်။

နှစ်ဖက်စလုံးမှ NCA တွင်လက်မှတ်မထိုးရသေးသည့်ကျန်ရှိနေသေးသောလက်နက်ကိုင်အဖွဲ့များကို NCA တွင်ပါ ဝင်ရန်နှင့်ငြိမ်းချမ်းရေးအပြီးသတ်လုပ်ဆောင်နိုင်ရန်အတွက်ဖြစ်မြောက်အောင်ကြိုးပမ်းဆောင်ရွက်သွားမည်ဟုသဘောတူညီခဲ့ကြသည်။

နှစ်ဖက်စလုံးမှနိုဝင်ဘာလလယ်တွင်ထပ်မံတွေ့ဆုံရန်နှင့်နိုင်ငံရေးဆွေးနွေးပွဲစီစဉ်ရန်ဆုံးဖြတ်ခဲ့ကြသည်။

နှစ်ဖက်စလုံးမှ NCA တရားဝင်လက်မှတ်ရေးထိုးပြီးနောက်ရက်ပေါင်း(၆၀)အတွင်းနိုင်ငံရေးမူဘောင်ရေးဆွဲမည်ဖြစ်ပြီး ရက်(၉၀)အတွင်းနိုင်ငံရေးဆွေးနွေးပွဲကျင်းပမည်ဖြစ်သည်။

မြန်မာအစိုးရနှင့်အဖွဲ့(၁၅)ဖွဲ့မှတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၈)ဖွဲ့သည်အစိုးရနှင့်အတူငြိမ်းချမ်းရေးစာချုပ်တွင်ပါ ဝင်ခဲ့ပြီးနေပြည်တော်၌တစ်နိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေးစာချုပ်(NCA)ကိုစတင်လက်မှတ်ရေးထိုးခဲ့ကာပြည်တွင်း ပြည်ပလေ့လာသူများမှအသိသက်သေအဖြစ်လက်မှတ်ရေးထိုးခဲ့ကြသည်။

အဖွဲ့(၈)ဖွဲ့မှာကရင်အမျိုးသားအစည်းအရုံး(KNU) ၊ ကရင်အမျိုးသားလွတ်မြောက်ရေးပါ တီ(KNLA)-ငြိမ်းချမ်းရေးကောင် စီ၊ပအိုဝ့်အမျိုးသားလွတ်မြောက်ရေးအစည်းအရုံး(PNLO)၊မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF) ၊ချင်းအမျိုးသားပါ တီ(CNF) ၊ရခိုင်လွတ်မြောက်ရေးပါ တီ(ALP) ၊ဒီမိုကရေစီအကျိုးပြုကရင့်တပ်မတော် (DKBA) နှင့်ရှမ်းပြည်နယ်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) / ရှမ်းပြည်တောင်ပိုင်းတပ် (SSA-S)တို့ဖြစ်ကြသည်။

အဖွဲ့(၁၅)ဖွဲ့တွင် NCA ကိုလက်မှတ်မထိုးပဲကျန်ရှိနေသည့်အဖွဲ့(၇)ဖွဲ့မှာကချင်လွတ်မြောက်ရေးအစည်းအရုံး(KIO) ၊ကရင် နီအမျိုးသားတိုးတက်ရေးပါ တီ(KNPP)၊အမျိုးသားဒီမိုကရေစီမဟာမိတ်တပ်မတော်(NDAA),၊မွန်ပြည်သစ်ပါ တီ (NMSP)၊နာဂလန်း-ခလန်းအမျိုးသားဆိုရှယ်လစ်ကောင်စီ(NSCN-K)၊ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး(PSLF)၊ ရှမ်းပြည်တိုးတက်ရေးပါ တီ ရှမ်းပြည်နယ်မြောက်ပိုင်းတပ်(SSPP/SSA-N) နှင့် "ဝ" ပြည်သွေးစည်းညီညွတ်ရေးတပ်မ တော်(UWSA)တို့ဖြစ်သည်။

**<u>အပစ်အခတ်ရပ်စဲရေးဒေသများတွင်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများဦးစားပေးလုပ်ဆောင်မည်</u>**

The Global New Light of Myanmar, 16 October 2015

အပစ်အခတ်ရပ်စဲရေးစာချုပ်လက်မှတ်ရေးထိုးထားသည့်နေရာများတွင်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကိုဦးစားပေးလုပ် ဆောင်မည်ဟုယမန်နေ့ကနေပြည်တော်၌တစ်နိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးသည့်အခမ်းအနား ပြီးဆုံးပြီးနောက်ပြုလုပ်သည့်သတင်းစာရှင်းလင်းပွဲ၌ပြည်ထောင်စုဝန်ကြီးဦးအောင်မင်းကပြောခဲ့ခြင်းဖြစ်သည်။

တစ်နိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေး(NCA)တွင်သတ်မှတ်ထားသည့်သဘောတူညီချက်များကြောင့်နိုင်ငံတကာအလှူ ရှင်များ၏အကူအညီများနှင့်အတူဖွံ့ဖြိုးတိုးတက်ရေးအတွက်အစိုးရမှငွေကြေးထောက်ပံ့ပေးမည်ဖြစ်သည်။

အစိုးရမှတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၁၅)ဖွဲ့အားအပစ်အခတ်ရပ်စဲရေးစာချုပ်တွင်ပါ ဝင်ရန်ဖိတ်ကြားခဲ့သော်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၈)ဖွဲ့သာပါ ဝင်ရန်သဘောတူညီခဲ့သည်။လက်မှတ်ရေးထိုးသည့်အခမ်းအနားအတွင်း တွင်နှစ်ဖက်စလုံးကလက်မှတ်ရေးထိုးခြင်းသည်မြန်မာနိုင်ငံတွင်နောက်ဆုံးငြိမ်းချမ်းရေးအောင်မြင်မှုရရှိခြင်းအတွက်မှန် ကန်သည့်လမ်းကြောင်းတွင်ပထမဦးဆုံးခြေလှမ်းဖြစ်ကြောင်းသဘောထားထုတ်ဖော်ပြခဲ့သည်။

ဦးအောင်မင်းမှဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကိုအပစ်အခတ်ရပ်စဲရေးလက်မှတ်မထိုးသည့်အဖွဲ့များအခြေချသည့်နေရာ များတွင်ခြုံငုံပါ ဝင်လိမ့်မည်ဖြစ်ပြီးထိုဒေသများတွင်ထိုသို့ပြုလုပ်ရန်အတွက်လည်းအဖွဲ့များကိုသဘောတူညီခွင့်ပြု ကြောင်းပြောကြားခဲ့သည်။"သူတို့ကဘေးထွက်နေမှာမဟုတ်ပါ ဘူး၊ဘာကြောင့်လဲဆိုတော့ကျွန်တော်တို့ကတစ်နိုင်ငံ တည်းနေထိုင်ကြတဲ့ညီအစ်ကိုမောင်နှမတွေဖြစ်လို့ပါ ပဲ။ဒါ ပေမယ့်ဖွံ့ဖြိုးမှုအလုပ်တွေလုပ်ဖို့အတွက်ခွင့်ပြုမပြုဆုံးဖြတ်ရ မှာကတော့သူတို့သဘောပါ ပဲ။"

ထိပ်ဆုံးဦးစားပေးဆောင်ရွက်မှုများတွင်မြေမြုပ်မိုင်းရှင်းလင်းဖယ်ရှားခြင်း၊အစားအစာနှင့်နေအိမ်အမိုးအကာများပံ့ပိုးပေး ခြင်း၊အလုပ်အကိုင်များဖန်တီးပေးခြင်းနှင့်ယခင်ကပဋိပက္ခများကြောင့်ထွက်ပြေးတိမ်းရှောင်သွားပြီးနောက်နေရပ်ပြန်လာ

ချင်သည့်သူများအတွက်အကူအညီများကူညီပံ့ပိုးပေးခြင်းစသည်တို့ကိုထိပ်ဆုံးဦးစားပေးလုပ်ဆောင်မည်ဖြစ်ကြောင်းပြည်ထောင်စုဝန်ကြီးကရှင်းပြခဲ့သည်။

အသက်မွေးဝမ်းကျောင်းများတိုးတက်မှုရှိစေရန်နှင့်ထိုသို့လုပ်ဆောင်ရာတွင်ပွင့်လင်းမြင်သာမှုရှိစေရန်အတွက်အထည်ချုပ်အစက်ရုံအလုပ်ရုံများအသားပေးသည့်စက်မှုဇုန်များဖန်တီးဆောက်လုပ်ရန်အရေးကြီးပုံကိုဦးကမီးမောင်းထိုးပြောပြခဲ့သည်။ပဋိပက္ခထိခိုက်သက်ရောက်မှုရှိခဲ့သောနေရာဒေသများတွင်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင်အစိုးရ၊တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့်နိုင်ငံတကာအလှူရှင်များမှအတူတကွဝိုင်းဝန်းလုပ်ဆောင်မည်ဖြစ်ကြောင်းဥင်းကထပ်ပေါင်းပြောခဲ့သည်။

“ဒီသုံးပွင့်ဆိုင်အဖွဲ့ဆုံးဖြတ်ချက်နောက်ဆက်တွဲအရ၊အလှူရှင်တွေကအကူအညီတွေကိုအစိုးရရဲ့မည်သည့်စွက်ဖက်မှုမှမပါ ပဲသူတို့ကိုယ်တိုင်စီမံခန့်ခွဲပါ လိမ့်မယ်။”

ဖြစ်နိုင်ခြေရှိသည့်စီမံကိန်းများအတွက်အစိုးရမှကနဦးရင်းနှီးငွေနှင့်အတူအစိုးရမှအကြံဉာဏ်များပံ့ပိုးကူညီပေးမည်ဖြစ်သည်။

## သန်းခေါင်စာရင်းနှင့်ရွေးကောက်ပွဲ

### ကရင်ပြည်နယ်မှမဲဆန္ဒရှင်အများအပြားဆုံးဖြတ်ရခက်နေဆဲ

BNI, 20 October 2015

ကရင်ပြည်နယ်၊ကြာအင်းဆိပ်ကြီးမြို့နယ်ရှိနေထိုင်သူအများအပြားသည်နောက်လရွေးကောက်ပွဲတွင်မည်သည့်ပါ တီကိုမဲထည့်ရမည်ဆိုသည်နှင့်ပတ်သက်၍ဆုံးဖြတ်ရခက်နေဆဲဖြစ်သည်။ဥင်းတို့မြို့နယ်တွင်ပါ တီအများအပြားမှဝင်ရောက်လုပ်ဆောင်နေခြင်းသည်လူအချို့အတွက်ဇဝေဇဝါ ဖြစ်စေခဲ့သည်။အကြောင်းအရင်းမှာမြို့နယ်ရှိမဲဆန္ဒရှင်များသည်မြန်မာဘာသာစကားကိုကျွမ်းကျွမ်းကျင်ကျင်မပြောတတ်ကြပဲဒေသတွင်းနေထိုင်သူများသည်မဲဆန္ဒကောက်ယူမည့်နေ့နှင့်ပတ်သက်၍မဲပေးခြင်းလုပ်ငန်းစဉ်များကိုအသိအမြင်အပြည့်အဝမရှိသောကြောင့်ဖြစ်သည်။

“ကျွန်တော်တို့ဒေသတွင်းကသတ်မှတ်ချက်နဲ့ပြည့်မီတဲ့မဲဆန္ဒရှင်အများစုကပညာမတတ်ကြဘူး။ကျွန်တော်တို့ဒေသမှာပါ တီအများအပြားနဲ့ကိုယ်စားလှယ်လောင်းအများအပြားရှိကြတယ်၊ဒါ ကြောင့်ဒေသတွင်းနေထိုင်သူတွေကအရမ်းကိုဇဝေဇဝါ ဖြစ်နေကြတယ်။မဲပေးတာနဲ့ပတ်သက်ပြီးသူတို့မှာဘာအတွေ့အကြုံမှမရှိကြဘူး၊ပြီးတော့ဘယ်ပါ တီနဲ့ဘယ်ကိုယ်စားလှယ်လောင်းကကောင်းတယ်ဆိုတာကိုသူတို့မသိကြဘူး၊ဒါ ကြောင့်မဲပေးတာနဲ့ပတ်သက်ပြီးသူတို့အခက်အခဲနဲ့ရင်ဆိုင်နေရတယ် ” ဟုကြာအင်းဆိပ်ကြီးမြို့နယ်ရှိခလယ်ကျေးရွာမှစောဝင်းနိုင်ကကေအိုင်စီသို့ပြောခဲ့သည်။

မဲပေးခြင်းကိုလည်းကြာအင်းအိပ်ကြီးမြို့နယ်ရှိကျေးရွာအများအပြားတွင်လုံခြုံရေးအခြေအနေများကြောင့်ဖျက်သိမ်းလိုက်ရသောကြောင့်မဲဆန္ဒရှင်အများအပြားသည်ဥင်းတို့၏မဲပေးပိုင်ခွင့်အခွင့်အရေးဆုံးရှုံးခဲ့ရပြီးမဲပေးမည့်ရက်တွင်ပညာမတတ်သည့်သက်ကြီးရွယ်အိုများသည်ဥင်းတို့၏မဲပြားများအားမည်သို့မဲထည့်ရမည်ဆိုသည်ကိုမသိမှာသူအလွန်ပင်စိုးရိမ်မိကြောင်းဥင်းမှထပ်ပေါင်းပြောခဲ့သည်။ ကရင်ပါ တီ(၄)ပါ တီအပါ အဝင်မွန်ပါ တီ(၂)ပါ တီ၊အမျိုးသားတိုးတက်ရေးပါ တီ၊အမျိုးသားစည်းလုံးညီညွတ်ရေးပါ တီ၊အမျိုးသားဒီမိုကရေစီပါ တီ(NLD)နှင့်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါ တီ (USDP)စသည်ဖြင့်ပါ တီ(၁၁)သည်ကြာအင်းဆိပ်ကြီးမြို့နယ်တွင်လာမည့်ရွေးကောက်ပွဲ၌ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။စုစုပေါင်းကိုယ်စားလှယ်လောင်း(၃၇)ဦးတို့သည်ဤမြို့နယ်မှနေ၍ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

“ဒေသတွင်းနေထိုင်သူတွေကတော့မဲပေးတဲ့အတွေ့အကြုံမရှိကြဘူး။ပညာမတတ်တဲ့သူအများအပြားလည်းရှိပြီးမြန်မာစကားနားမလည်သူအများအပြားလည်းရှိတယ်။ဒါ တွေကကျွန်တော်တို့တွေအတွက်စိန်ခေါ်မှုပါ ပဲ ” ဟုကြာအင်းဆိပ်ကြီးမြို့နယ်မဲဆန◌ဒနယ်မြေအမှတ်(၁၁)တွင်ဝင်ရောက်ယှဉ်ပြိုင်မည့်ကရင့်ပြည်သူ့ပါ တီ(KPP)မှအထက်လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးဖြစ်သူစောသိန်းဝင်းစိုးကပြောခဲ့သည်။

ရွေးကောက်ပွဲအတွက်လှုပ်ရှားဆောင်ရွက်စဉ်အတောအတွင်းမှာပင်မြို့နယ်ရှိကျေးရွာအုပ်စု(၃)စု၌ကရင်ပြည်နယ်အရပ်ဖက်လူမှုအဖွဲ့အစည်း (KSCN)သည်မဲဆန္ဒရှင်ပညာပေးသင်တန်း(၄၀)ကျော်ကိုဦးဆောင်ဦးရွက်ပြုကာသင်တန်းပေးခဲ့သည်။

စက်တင်ဘာလ(၁၄)ရက်နေ့တွင်ထုတ်ပြန်ကြေငြာခဲ့သောမဲဆန္ဒရှင်စာရင်းအရကြာအင်းဆိပ်ကြီးမြို့နယ်တွင်သတ်မှတ်ချက်နှင့်ပြည့်မီသည့်မဲဆန္ဒရှင်ပေါင်း(၅၅၀၀၀)ကျော်ရှိသည်ဟုကော်မရှင်ကပြောခဲ့သည်။မြို့နယ်တွင်နေထိုင်သူအများစုသည်မွန်နှင့်ကရင်တိုင်းရင်းသားများဖြစ်ကြသည်။

## မွန်ပြည်နယ်၊ရေးမြို့ မြို့နယ်တွင်မဲဆန္ဒရှင်စာရင်းတိုးလာဖွယ်ရာရှိ

BNI, 20 October 2015

စက်တင်ဘာလ၌မွန်ပြည်နယ်၊ရေးမြို့နယ်တွင်နောက်ဆုံးထုတ်ပြန်ကြေငြာချက်အရလာမည့်ရွေးကောက်ပွဲအတွက်သတ်မှတ်ချက်မီသည့်မဲဆန္ဒရှင်(၁၅၅၉၆၉)ဦးရှိပြီးတခြားဒေသများမှရွှေ့ပြောင်းနေထိုင်သူများအားပုံစံ(၃-က)လျှောက်လွှာဖြည့်သွင်းခွင့်ပြုပြီးနောက်ပိုင်းတွင်မဲဆန္ဒရှင်စာရင်းတိုးလာဖွယ်ရာရှိသည်။

ရေးမြို့နယ်ရွေးကောက်ပွဲကော်မရှင်ခွဲရုံးမှဥက္ကဌဦးညွန့်အောင်ကစာရင်းကိုအတည်ပြုပေးခဲ့ပြီးရေးမြို့နယ်တွင်ရက်(၁၈၀)နေထိုင်သည့်ရွှေ့ပြောင်းနေထိုင်သူများကိုယင်းတို့၏လျှောက်လွှာများဖြည့်သွင်းရန်ခွင့်ပြုခဲ့ပြီးနောက်ပိုင်းတွင်စာရင်းထုတ်ပြန်ကြေငြာလိမ့်မည်ဖြစ်သည်။

“ပုံစာ(၃-က)ကိုမလျှောက်ရသေးတဲ့သူများစာရင်းကိုကျွန်တော်တို့ထုတ်ပြန်လို့မရနိုင်ပါ ဘူး၊ဘာကြောင့်လဲဆိုတော့မတူညီတဲ့နေရာတွေကနေလာနေကြတဲ့သူတွေစာရင်းကအပြီးသတ်မဖြစ်သေးလို့ပါ ။ဒါ ကြောင့်ကျွန်တော်တို့အောက်တိုဘာလ(၁၃)ရက်နေ့တစ်ရက်တည်းကိုပဲအတည်ပြုနိုင်ထုတ်ပြန်နိုင်ခဲ့တာပါ ”ဟုပြီးခဲ့သည့်လတွင်ပြုလုပ်ခဲ့သည့်တွေ့ဆုံမေးမြန်းမှုတွင်ဦးညွန့်အောင်ကပြောခဲ့ခြင်းဖြစ်သည်။

မဲစာရင်းတွင်ပါ ဝင်နိုင်ရန်အတွက်ရွှေ့ပြောင်းအလုပ်သမားများအပါ အဝင်လူထုမှလျှောက်ထားခဲ့ကြပြီးအောက်တိုဘာလ(၁၀)ရက်နေ့မတိုင်မီယင်းတို့သက်ဆိုင်ရာဒေသများမှကျေးရွာရွေးကောက်ပွဲကော်မရှင်ခွဲရုံးများကယင်းတို့အမည်အားမဲဆန္ဒရှင်စာရင်းတွင်ထည့်သွင်းမည်ဖြစ်သည်။

“ပြီးခဲ့တဲ့လကကျွန်တော်တို့ရွာကိုသူစိမ်းအများအပြားစရောက်လာကြတယ်။သူတို့ကပြောသံကမွန်လူမျိုးတွေပြောသံနဲ့မတူဘူး။သူတို့ကျွန်တော့်ဆိုင်မှဈေးလာဝယ်တာတစ်ပတ်နီးပါးရှိပြီ”ဟုရေးမြို့နယ်ရှိမော်ကန်နီရွာမှဆိုင်ရှင်တစ်ဦးဖြစ်သူနိုင်မောင်မောင်ကပြောခဲ့သည်။

အလားတူစွာရွှေ့ပြောင်းအလုပ်သမားများကိုသံဖြူဇရပ်မြို့တွင်လည်းမဲထည့်ရန်ခွင့်ပြုထားသည်။

၎င်းတို့သည်နေရာဒေသတွင်ရက်(၁၈၀)နေထိုင်ပါ ကရပ်ကွက်နှင့်ကျေးရွာစုကော်မရှင်ခွဲရုံးများရှိမဲစာရင်း၌၎င်းတို့အမည်များကိုထည့်သွင်းရန်အတွက်လျှောက်ထားနိုင်သည်။နယ်ဘက်ဝန်ထမ်းများသည်၎င်းတို့နေထိုင်သည့်သက်ဆိုင်ရာနေရာဒေသများရှိ၎င်းတို့၏အလုပ်ကြီးကြပ်သူထံမှထောက်ခံချက်လိုအပ်ပြီးအလုပ်သမားများသည်လည်း၎င်းတို့၏သက်ဆိုင်ရာအလုပ်ရှင်များထံမှဖြစ်စေ၊အလုပ်ရှင်ကိုယ်စားလှယ်များထံမှဖြစ်စေထောက်ခံချက်လိုအပ်သည်။အခြားသူများသည်လည်း၎င်းတို့လျှောက်လွှာများကိုတင်သွင်းလျှောက်ထားရန်တွက်၎င်းတို့၏သက်ဆိုင်ရာရပ်ကွက်(သို့)ကျေးရွာစုအုပ်ချုပ်သူတို့ထံမှထောက်ခံချက်လိုအပ်သည်။

အကယ်၍လျှောက်ထားသူသည်အရည်အချင်းပြည့်မီသောမဲဆန္ဒရှင်တစ်ဦးဖြစ်ရန်သတ်မှတ်ချက်နှင့်ကိုက်ညီပါ ကသက်ဆိုင်ရာရပ်ကွက်(သို့)ကျေးရွာစုကော်မရှင်ခွဲမှလုပ်ထုံးလုပ်နည်းများနှင့်အညီသူ(သို့)သူမအားမဲဆန္ဒရှင်စာရင်းတွင်ထည့်သွင်းမည်ဖြစ်သည်။

ရပ်ကွက်(သို့)ကျေးရွာစုကော်မရှင်မှလျှောက်ထားသူများ၏အမည်များကိုမြို့နယ်ကော်မရှင်ခွဲထံတင်သွင်းရမည်ပြီးလျှောက်ထားသူများ၏ပုံစံ(၃-ခ)တွင်ဖြည့်သွင်းထားသည့်မူလနေထိုင်ခဲ့သောနေရာတွင်ရှိသောမဲဆန္ဒရှင်စာရင်းမှပယ်ဖျက်ရန်အတွက်လျှောက်ထားသူများ၏မူလနေထိုင်ခဲ့သောနေရာရှိမြို့နယ်ရွေးကောက်ပွဲကော်မရှင်ခွဲထံဆီသို့အကြောင်းကြားမည်ဖြစ်ကြောင်းရေးမြို့နယ်ရွေးကောက်ပွဲကော်မရှင်ခွဲ၏ပြောကြားချက်အရသိရှိရသည်။

မွန်ပြည်နယ်ရှိဒုတိယလူဦးရေအများဆုံးဖြစ်သည့်ရေးမြို့နယ်တွင်ကျေးရွာအုပ်စု(၄၁)စုနှင့်မြို့(၃)မြို့နယ်တွင်မဲရုံပေါင်း(၁၁၀)ဖွင့်လှစ်ထားရှိပေးမည်ဖြစ်သည်။မြို့နယ်မှအထက်လွှတ်တော်နှင့်အောက်လွှတ်တော်နှစ်ရပ်စလုံးကိုမဲပေးရွေးချယ်မည်ဖြစ်သည်။

## <u>စစ်တပ်အခြေစိုက်မဲဆန္ဒနယ်မြေများတွင်စောင့်ကြည့်ဖို့ EUလေ့လာသူများကိုမြန်မာမှခွင့်ပြု</u>

BNI , 20 October 2015

နောက်လတွင်ကျင်းပမည့်အရှေ့တောင်အာရှနိုင်ငံ၏သမိုင်းဝင်အထွေထွေရွေးကောက်ပွဲအတွင်းစစ်တပ်အခြေစိုက်တပ်စခန်းများတွင်ဥရောပကုသမဂ္ဂမှလေ့လာသူများကိုမြန်မာ့တပ်မတော်အကြီးအကဲခေါင်းဆောင်မှစောင့်ကြည့်လေ့လာခွင့်ပြုခဲ့သည်ဟုအင်္ဂါနေ့တွင်အီးယူအဖွဲ့မှခေါင်းဆောင်ကပြောကြားခဲ့သည်။

တင်းကြပ်သည့်စစ်တပ်အခြေစိုက်စခန်းများတွင်ခွင့်ပြုချက်ရရှိပြီးထိုစခန်းများတွင်ရှိသည့်တပ်သားတစ်သိန်းသည်၎င်းတို့၏နေရပ်ခရိုင်များ၏ပြင်ပတွင်တာဝန်ကျနေကြပြီးနိုဝင်ဘာလ(၈)ရက်နေ့ရွေးကောက်ပွဲသည်ပွင့်လင်းမြင်သာမှုရှိရန်အတွက်သေချာစေဖို့အရေးကြီးကျသည်။

"တပ်မတော်ကာကွယ်ရေးစစ်ဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နဲ့ပြုလုပ်တဲ့အစည်းအဝေးမှာတပ်မတော်မဲဆန္ဒနယ်မြေတွေမှာဥရောပသမဂ္ဂအဖွဲ့ကိုလေ့လာဖို့အတွက်သဘောတူခဲ့ပါ တယ်၊တပ်မတော်ရဲ့အမျိုးသားလုံခြုံရေးနဲ့ဆိုင်တဲ့နေရာတွေမှအပကျန်တဲ့နေရာတွေကိုခွင့်ပြုပေးခဲ့ပါ တယ် " ဟုဥရောပသမဂ္ဂလွှတ်တော်ဒုတိယဥက္ကဌနှင့်အီးယူအဖွဲ့၏လေ့လာရေးမှူးချုပ်ဖြစ်သူ Alexander Graf Lambsdorff ကရန်ကုန်၌ပြုလုပ်သောသတင်းစာရှင်းလင်းပွဲတွင်ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၌ရွေးကောက်ပွဲကိုကာလတို-ကာလရှည်စောင့်ကြည့်လေ့လာသူ(၁၅၀)ဦးထက်မနည်းကိုကြီးကြပ်သူဖြစ်သည့် Lambsdorff မှမြန်မာ့အစိုးရအရာရှိများ၊ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါ တီ (USPD) မှခေါင်းဆောင်များနှင့်အတိုက်အခံပါ တီဖြစ်သည့်အမျိုးသားဒီမိုကရေစီအဖွဲ့ (NLD) နှင့်အရပ်ဖက်အဖွဲ့များ၏ကိုယ်စားလှယ်များစသည်တို့နှင့်လည်းတွေ့ဆုံခဲ့သည်။

နိုင်ငံတွင်ရက်သတ္တပတ်တစ်ပတ်မျှကြာပြီဖြစ်သည့်ရေရှည်လေ့လာသူအီးယူအဖွဲ့များသည်မြန်မာနိုင်ငံတောက်လျှောက်ဒေသကြီးများတွင်ဖြန့်ကျက်ခဲ့ပြီးနေပြည်တော်၌ကိုယ်စားလှယ်လောင်းများ၊ရွေးကောက်ပွဲတာဝန်ရှိသူများနှင့်သတင်းစာဆရာများစသည်တို့နှင့်လုပ်ကိုင်ဆောင်ရွက်နေသည်ဟုၤင်းကပြောခဲ့သည်။

ရွေးကောက်ပွဲလုပ်ငန်းစဉ်သည်လုံးဝဥဿုံပြီးပြည့်စုံသည့်ပုံလွှာဖြစ်ပေါ်လာစေရန်အတွက်ဆန္ဒမဲပေးခြင်း၊မဲရေတွက်ခြင်းနှင့်ဖြစ်နိုင်ခြေရှိသည့်အငြင်းပွားမှုများကိုပြေလည်အောင်ဖြေရှင်းပေးခြင်းစသည်တို့ကိုလုပ်ဆောင်ရန်အတွက်အီးယူအဖွဲ့သည်ဒီဇင်ဘာလတိုင်အောင်ကျန်ရှိနေမည်ဖြစ်သည်ဟု Lambsdorff ကပြောခဲ့သည်။

“ကျွန်တော်တို့အဖွဲ့ရဲ့တာဝန်တွေကတော့ရွေးကောက်ပွဲကိုကျယ်ကျယ်ပြန့်ပြန့်နဲ့စီစစ်လေ့လာဖို့ပါ ပဲ ”ဟုသူကပြောခဲ့သည်။ရွေးကောက်ပွဲတွင်အသုံးပြုသည့်ဥပဒေများကိုလေ့လာသူများကစစ်ဆေးရမည်ဖြစ်ကြောင်းသူကထပ်ပေါင်းပြောခဲ့သည်၊ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်(UEC)၏အလုပ်သည်မဲပေးခြင်းများ၊စည်းရုံးလှုပ်ရှားမှုဆင်းခြင်းများ၊လူထုဆက်သွယ်ရေးကဏ္ဍစီမံခန့်ခွဲခြင်း၊မဲပေးခြင်းနည်းပညာများနှင့်ဒေသတွင်းနှင့်အမျိုးသားအဆင့်တွင်ရလဒ်များဖော်ထုတ်ရေးဆွဲခြင်းတို့ဖြစ်သည်။

ရွေးကောက်ပွဲပြီးနောက်နှစ်ရက်ခန့်တွင်အီးယူလေ့လာသူအဖွဲ့သည်ၤင်းတို့တွေ့ရှိထားသည့်ရလဒ်များဖြင့်ပဏာမအကြိုထုတ်ပြန်ကြေငြာချက်ကိုထုတ်ပြန်မည်ဖြစ်ကြောင်း Lambsdorff ကပြောခဲ့သည်။

သုံး၊လေးလအတွင်းအဖွဲ့မှအနာဂတ်ရွေးကောက်ပွဲအတွက်တိုးတက်အောင်လုပ်ရမည့်နေရာများ၊ရွေးကောက်ပွဲတွင်ပါ ဝင်ခဲ့သည့်အဖွဲ့များအတွက်အကြံပြုထောက်ခံချက်များဖြင့်နောက်ဆုံးအစီရင်ခံစာတမ်းရှည်တစ်စောင်ထုတ်ပြန်မည်ဟုသူကပြောခဲ့သည်။

မြန်မာနိုင်ငံ၏နောက်ဆုံးအခေါက်ရွေးကောက်ပွဲကိုစစ်တပ်အုပ်ချုပ်သည့်၂၀၁၀ခုနှစ်အတွင်းကျင်းပခဲ့ပြီး NLD မှသဘောမတူကန့်ကွက်ခဲ့ကာ USDP ကိုမျက်နှာသာပေးရန်အတွက်အကွက်ဆင်ခဲ့ကြောင်းအပြစ်တင်ခဲ့သည်။

“ကျွန်တော်တို့ကသမာသမတ်ကျတဲ့ဘက်မလိုက်တဲ့အဖွဲ့တစ်ခုပါ ” ဟု Lambsdorffကပြောခဲ့သည်။ “ ကျွန်တော်တို့အတွက်ကတော့ရွေးကောက်ပွဲမှာဘယ်သူနိုင်နိုင်အရေးမကြီးပါ ဘူး။ကျွန်တော်တို့အတွက်အရေးကြီးတာကတော့စစ်မှန်တဲ့၊အများယုံကြည်လက်ခံပြီးပွင့်လင်းမြင်သာမှုရှိတဲ့ရွေးကောက်ပွဲတစ်ခုဖြစ်ဖို့ပါ ပဲ”

အမေရိကန်အခြေစိုက်ကာတာစင်တာမှလည်းရွေးကောက်ပွဲကိုလေ့လာရန်တွက်အဖွဲ့တစ်ဖွဲ့စေလွှတ်မည်ဖြစ်သည်။

## UEC မှနောက်ဆုံးအပြီးသတ်မဲဆန္ဒရှင်စာရင်းကိုနိုဝင်ဘာ(၂)ရက်နေ့တွင်နိုင်ငံတစ်ဝှမ်းလုံး၌ကြေငြာမည်

Irrawaddy, 27 October 2015

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည်လာမည့်အထွေထွေရွေးကောက်ပွဲအတွက်သတ်မှတ်ချက်နှင့်ပြည့်မီသည့်နောက်ဆုံးမဲဆန္ဒရှင်စာရင်းကိုနိုဝင်ဘာလ(၂)ရက်နေ့တွင်ထုတ်ပြန်ကြေငြာမည်ဖြစ်ကြောင်းအင်္ဂါနေ့ကပြောကြားခဲ့သည်၊မဲဆန္ဒရှင်များအားၤင်းတို့စာရင်းမှန်ကန်စွာစာရင်းတင်ခြင်းနှင့်စာရင်းများကိုနောက်ဆုံးပိတ်အချိန်ထိ ပြောင်းလဲရန်အတွက်လျှောက်ထားရန်ရက်အနည်းငယ်ပိုပေးမည်ဖြစ်သည်။

ကိုယ်ရေးအချက်အလက်များအမှန်ပြင်ခြင်း(သို့)၎င်းတို့၏အမည်များထည့်သွင်းခြင်း(သို့)ပေးထားသည့်မဲဆန္ဒရှင်စာရင်းမှဖယ်ပစ်ခြင်းစသည်တို့အပါ အဝင်ပြင်ဆင်ရန်အတွက်ယခင်ကလျှောက်ထားခဲ့ကြသည့်မဲဆန္ဒရှင်များသည်နောက်ဆုံးအကြိမ်အပြီးသတ်စာရင်းတွင်ပြန်လည်ထုတ်ပြန်မည့်ထိုပြောင်းလဲမှုများကိုကြည့်သင့်သည်။

နိုဝင်ဘာလ(၂)ရက်နေ့တွင်ထုတ်ပြန်သည့်စာရင်းကိုမြို့ပြအဖွဲ့အစည်းများနှင့်နိုင်ငံရေးပါ တီများမှအနီးကပ်စောင့်ကြည့်စစ်ဆေးဖွယ်ရာရှိသည်၊၎င်းတို့မှမဲဆန္ဒရှင်စာရင်းသွင်းခြင်းနှင့်မတ်လနှောင်းပိုင်းတွင်စတင်ခဲ့သည့်ဦးစွာဖော်ပြထားသောအကြိုပဏာမမဲဆန္ဒရှင်စာရင်းစီစစ်အတည်ပြုခြင်းစသည်တို့နှင့်ပတ်သက်၍စိုးရိမ်ပူပန်မှုများမြင့်တက်နေပြီးထိုအချိန်ကတည်းကပင်လစဉ်လတိုင်းထိုအခြေအနေများ၌ဆက်လက်စိုးရိမ်မှုများမြင့်တက်နေခဲ့သည်။ကော်မရှင်မှပြုစုခဲ့သည့်အကြိုစာရင်းတွင်အမှားအယွင်းကျယ်ကျယ်ပြန့်ပြန့်ရှိကြောင်းအစီရင်ခံဖော်ပြမှုများကြောင့် UEC သည်ပြင်းပြင်းထန်ထန်ပြစ်တင်ဝေဖန်မှုများနှင့်ရင်ဆိုင်နေရသည်။

လာမည့်သီတင်းပတ်တွင်ပဏာမမဲဆန္ဒရှင်စာရင်းမှာသိသာထင်ရှားသည်ပြောင်းလဲမှုတစ်ခုရှိမည်ဖြစ်ပြီးသောင်းချီရှိသည့်၌ခပ်လှုပ်လှုပ်ဖြစ်နေသောမြန်မာရွှေ့ပြောင်းအလုပ်သမားများ၏အမည်စာရင်းကိုတွေ့မြင်ရန်မျှော်လင့်နေကြသည်။

ဥပမာအားဖြင့်ရန်ကုန်လှိုင်သာယာမြို့နယ်တွင်အမည်နှစ်သိန်းသုံးသောင်းကိုမဲဆန္ဒရှင်စာရင်းတွင်ထည့်သွင်းခဲ့ပြီးသတ်မှတ်ချက်နှင့်ပြည့်မီသည့်ပဏာမစာရင်းနှစ်သိန်းရှစ်သောင်းမှယနေ့ငါးသိန်းတစ်သောင်းထိတိုးမြှင့်တင်လိုက်သည်ဟု UEC မှညွှန်ကြားရေးမှူးဖြစ်သူဦးတင်ထွန်းကအင်္ဂါနေ့၌နေပြည်တော်တွင်ပြောကြားခဲ့သည်။စီးပွားရေးမြို့တော်ပြုလုပ်ထားသည့်မြို့စွန်များရှိမြို့နယ်များသည်ရွှေ့ပြောင်းအလုပ်သမားလူဦးရေတစ်ပြုံတစ်ခေါင်းအများအပြားရှိသည့်စက်မှုအချက်အချာကျသည့်မြို့နယ်များဖြစ်သည်။

အပြန်အလှန်အားဖြင့်ချင်းပြည်နယ်၌ပြည်နယ်အနှံ့တွင်ကော်မရှင်မှနိုင်ငံခြားတွင်အလုပ်လုပ်ကိုင်နေသည့်မိသားစုဝင်များ၏အမည်စာရင်းများ(သို့မဟုတ်)အလုပ်လုပ်ကိုင်ရန်အတွက်အခြားပြည်နယ်နှင့်တိုင်းများသို့ပြောင်းရွှေ့သွားသည့်မိသားစုဝင်များ၏အမည်စာရင်းများကိုမဲဆန္ဒရှင်စာရင်းမှဖယ်ရှားရန်တွက်တင်သွင်းလွှာ(၇၄၈၃)လွှာလက်ခံရရှိခဲ့သည်။

မဲဆန္ဒရှင်စာရင်းအတိုင်းအတာမည်မျှထိမှန်ကန်ဖို့သေချာနိုင်မည်နည်းဟုမေးခွန်းအားတုံ့ပြန်ရာတွင်“နိုဝင်ဘာ(၂)ရက်နေ့ထုတ်ပြန်ကြေငြာချက်ပြီးမှသာလျှင်ကျွန်တော်တို့ပြောနိုင်မှာပါ ”ဟုဦးတင်ထွန်းကပြန်လည်ဖြေကြားခဲ့သည်။

နိုဝင်ဘာ(၂)ရက်နေ့ထုတ်ပြန်ကြေငြာပြီးနောက်ပိုင်းတွင်မဲဆန္ဒရှင်စာရင်းကိုပြန်လည်ပြင်ဆင်ခြင်းပြုလုပ်တော့မည်မဟုတ်သောကြောင့် UEC တွင်ဖိစီးမှုများရှိခဲ့သည်။

နောက်ထပ်အပြောင်းအလဲများပြုလုပ်ရန်တောင်းခံမှုများကိုနိုဝင်ဘာ(၁)ရက်နေ့အထိသက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်ထံတွင်စာဖြင့်ရေးသားဖြည့်သွင်းလျှောက်ထားနိုင်သော်လည်းမဲစာရင်းမှန်ကန်မှုနှင့်ပတ်သက်၍စိုးရိမ်မှုရှိသည့်မဲဆန္ဒရှင်များကိုဖြစ်နိုင်လျှင်မဲစာရင်းအားသွားရောက်စစ်ဆေးကြရန်အကြံပေးခဲ့သည်။

နိုဝင်ဘာလ(၂)ရက်နေ့ထုတ်ပြန်ကြေငြာချက်နောက်ဆက်တွဲအရ “မဲဆန္ဒရှင်စာရင်းသွင်းကတ်” ဟုဆိုသောကတ်ကိုရွေးကောက်ပွဲကျင်းပသည့်နေ့တွင်မဲထည့်ရန်အတွက်လိုအပ်သည့်မှတ်ပုံတင်အထောက်အထားများမရှိတော့သည့်ယခုနှစ်အစောပိုင်း၌ရေလွှမ်းမိုးမှုဒဏ်အကြီးအကျယ်ခံရသောသူများကိုထုတ်ပေးမည်ဖြစ်သည်။

**<u>မွန်ပြည်နယ်ဘောနော်ခီးကျေးရွာစုတွင်ဆန္ဒမဲပေးခြင်းပြုလုပ်မည်မဟုတ်</u>**

BNI, 26 October 2015

လာမည့်ရွေးကောက်ပွဲအတွင်းမွန်ပြည်နယ်၊ဘီးလင်းမြို့နယ်တွင်ဆန္ဒမဲပေးခြင်းပြုလုပ်တော့မည်မဟုတ်ကြောင်းကိုမွန်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်ရုံးခွဲ၏ပြောကြားချက်အရသိရှိရသည်။

ယခုလအစောပိုင်းတွင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ခွဲသည်ဆန္ဒမဲပေးရန်ဖျက်သိမ်းသည့်မြို့နယ်များစာရင်းကိုကြေငြာခဲ့သည်။ဘောနော်ခီးကျေးရွာစုသည်စာရင်းတွင်ပါဝင်ခဲ့သည်၊ထိုနေရာဒေသတွင်လွတ်လပ်ပြီးတရာတမျှတသောရွေးကောက်ပွဲကျင်းပရန်မတတ်နိုင်ဟူသောအကြောင်းပြချက်ကြောင့်ဖြစ်သည်။

"ရွေးကောက်ပွဲကော်မရှင်ကကြေငြာတဲ့နယ်မြေတွေကြားမှာဘော်နော်ခီးတစ်ခုထဲကိုဘဲမဲဆန္ဒပေးဖို့ဖျက်သိမ်းလိုက်တာပါ။ကျန်တဲ့နေရာဒေသတွေမှာရွေးကောက်ပွဲလုပ်မှာပါ။ကျွန်တော်တို့လူတိုင်းစီကမဲဆန္ဒရှင်စာရင်းကောက်ပြီးပါပြီ။ဒါကြောင့်ရွေးကောက်ပွဲကိုဘောနော်ခီးကျေးရွာစုကလွဲလို့ကျန်တဲ့မြို့နယ်တွေမှာကျင်းပမှာပါ"ဟုမွန်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်ရုံးခွဲမှရွေးကောက်ပွဲအရာရှိတစ်ဦးဖြစ်သူဦးဟန်လင်းထက်ကပြောခဲ့သည်။

မွန်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်ရုံးခွဲ၏ပြောကြားချက်အရမော်လမြိုင်မြို့နယ်အပါအဝင်၊ကျိုက်မရောမြို့နယ်၊ချောင်းဆုံမြို့၊သံဖြူဇရပ်မြို့နယ်၊မုဒုံမြို့နယ်၊ရေးမြို့နယ်၊သထုံမြို့နယ်၊ပေါင်မြို့နယ်နှင့်ကျိုက်ထိုမြို့နယ်တို့တွင်ရွေးကောက်ပွဲကိုအစီအစဉ်အတိုင်းကျင်းပမည်ဖြစ်သည်။

မဲဆန္ဒပေးခြင်းကိုဖျက်သိမ်းခဲ့သည့်ဘောနော်ခီးကျေးရွာစုသည်ကရင်အမျိုးသားအစည်းအရုံး(KNU)တပ်မဟာ(၁)နှင့်(၅)တို့၏ထိန်းချုပ်နယ်မြေအောက်တွင်ရှိသောကြောင့်ဖြစ်သည်။ကျေးရွာအုပ်စုတွင်ယခုချိန်ထိမဲဆန္ဒရှင်စာရင်းကိုမကောက်နိုင်သောကြောင့်ရွေးကောက်ပွဲမပြုလုပ်နိုင်ပေ။

မွန်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်ခွဲမှမွန်ပြည်နယ်တွင်သတ်မှတ်ချက်နှင့်ပြည့်မီသည့်မဲဆန္ဒရှင်(၁.၄၇)သန်းရှိသည်ဟုကြေငြာခဲ့သည်။ရေးမြို့နယ်ရွေးကောက်ပွဲကော်မရှင်ရုံးခွဲ၏ပြောကြားချက်အရပြည်နယ်တွင်မဲရုံ(၁၀၀၀)ကျော်ဖွင့်လှစ်မည်ဖြစ်သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေအခန်း(၃)အရပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည်သဘာဝဘေးအန္တရယ်ကြောင့်ဖြစ်စေ၊ဒေသတွင်းလုံခြုံရေးအခြေအနေကြောင့်ဖြစ်စေလွတ်လပ်ပြီးတရားမျှတသောရွေးကောက်ပွဲများမကျင်းပနိုင်သောမဲဆန္ဒနယ်မြေများတွင်ရွေးကောက်ပွဲကိုရွှေ့ဆိုင်းရန်အခွင့်အရေးရှိသည်။

**<u>မွန်ပြည်နယ်မဲရုံများတွင်ဂျပန်မှလျှပ်စစ်မီးအိမ်များလှူဒါန်း</u>**

BNI, 26October 2015

မွန်ပြည်နယ်တွင်နောက်လရွေးကောက်ပွဲအတွက်မဲရုံးများတွင်လျှပ်စစ်မီးအိမ်များကိုဂျပန်အစိုးရကလှူဒါန်းခဲ့သည်ဟုမွန်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်ခွဲ၏အဆိုအရသိရှိရသည်။မီးအိမ်များကိုလျှပ်စစ်မီးမရှိသည့်မဲရုံများတွင်အသုံးပြုမည်ဖြစ်ပြီးမီးအိမ်များသည်အားသွင်းပြီးနောက်ပိုင်းကြာကြာခံသည်ဟုမွန်ပြည်နယ်မော်လမြိုင်ခရိုင်ရွေးကောက်ပွဲကော်မရှင်ခွဲမှအရာရှိတစ်ဦးဖြစ်သူဦးထင်ကျော်ကပြောခဲ့သည်။

မွန်ပြည်နယ်တွင်မဲရုံ(၉၁၉)ရုံရှိပြီး(၃၃၄)ရုံမှာလျှပ်စစ်မီးမရှိဟုမွန်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်ခွဲ၏ဒုတိယညွှန်ကြားရေးမှူးဖြစ်သူဦးဟိန်းလင်းထက်ကပြောခဲ့သည်။

ဂျပန်လူမျိုးအမည်ပါ  သည့်လျှပ်စစ်မီးအိမ်နှစ်ခုကိုလျှပ်စစ်မီးမရှိသည့်မဲရုံများတွင်ပို့ပေးခဲ့သည်ဟုဦးထင်ကျော်ကပြောခဲ့သည်။

မဲရုံအားလုံးအတွက်အသေးစားမီးအားပေးစက်ငယ်များကိုလည်းအရေးအပေါ်အခြေအနေများတွင်အသုံးပြုရန်အတွက်စီစဉ်ထားခဲ့သည်ဟုဦးထိန်လင်းကပြောခဲ့သည်။

လျှပ်စစ်မီးသည်မဲရုံများတွင်မဲပြားများရေတွက်ခြင်းတွင်အရေးပါ ရုံသာမကမဲပေးရေးဆိုင်ရာကိစ္စများဆောင်ရွက်နေသည့်ရပ်ကွက်/ ကျေးရွာကော်မရှင်ရုံးများအတွက်ပါ အရေးပါ သောကြောင့်မွန်ပြည်နယ်အစိုးရနှင့်အုပ်ချုပ်ရေးဆိုင်ရာဌာနများမှကိုယ်စားလှယ်များနှင့်အတူညှိနှိုင်းဆွေးနွေးပြီးနောက်ပိုင်းတွင်အစီအစဉ်များကိုပြုလုပ်ခဲ့ကြောင်းၑင်းကထပ်ပေါင်းပြောခဲ့သည်။

မွန်ပြည်နယ်တွင်ရပ်ကွက် / ကျေးရွာရွေးကောက်ပွဲကော်မရှင်ရုံး(၄၆၇)ရှိပြီးၑင်းတို့ထဲမှအချို့ရုံးများသည်လျှပ်စစ်မီးမရှိပေ။

မွန်ပြည်နယ်တွင်အထူးရဲအရာရှိစုစုပေါင်း(၉၁၉)ဦးအားမဲရုံများတွင်စောင့်ကြပ်ရန်တာဝန်ပေးအပ်ခဲ့ပြီးတာဝန်လွှဲအပ်ခံရသည့်ရဲသားသစ်များအတွက်အထူးသင်တန်းပေးခဲ့သည်။

၂၀၁၀ရွေးကောက်ပွဲတွင်မွန်ပြည်နယ်၌သတ်မှတ်ချက်နှင့်ပြည့်မီသည့်မဲဆန္ဒရှင်တစ်သန်းခန့်ရှိသော်လည်း

၂၀၁၅ရွေးကောက်ပွဲတွင်အရေအတွက်သည်(၁.၄)သန်းထိတိုးမြင့်လာသည်ဟုမွန်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်ခွဲ၏ပြောကြားချက်အရဖြစ်သည်။

လက်ရှိတွင်မွန်ပြည်နယ်၌လူဦးရေနှစ်သန်းကျော်နေထိုင်သည်။

## <u>NLDမှ ယှဉ်ပြိုင်စိန်ခေါ်သော်လည်းမြန်မာ့စစ်တပ်ကျောထောက်နောက်ခံပါ တီမှစိတ်ချယုံကြည်မှုအပြည့်အဝရှိနေ</u>

Bangkok Post, 28 October 2015

အတိုက်အခံပါ တီဖြစ်သည့်ဒေါ်အောင်ဆန်းစုကြည်နှင့်သူမ၏ထင်ရှားကျော်ကြားသောအတိုက်အခံပါ တီ၏အရှိန်အဝါသည်ဖြုံလောက်သော်လည်းမြန်မာစစ်တပ်ကျောထောက်နောက်ခံပြုထားသည့်ကြံ့ခိုင်ရေးပါ တီသည်နောက်လတွင်ကျင်းပမည့်ရွေးကောက်ပွဲ၌ၑင်း၏ပါ တီသည်(၇၅)ရာခိုင်နှုန်းနိုင်မည်ဟောကိန်းထုတ်လိုက်သည်။

နိုဝင်ဘာ(၈)ရက်နေ့ရွေးကောက်ပွဲသည်ရာစုနှစ်လေးပုံတစ်ပုံတွင်ဒီမိုကရေစီကိုထောက်ခံသည့်ဒေါ်အောင်ဆန်းစုကြည်ပါတီမှပါ ဝင် ယှဉ်ပြိုင်ရန်အတွက်နိုင်ငံတဝှမ်းဆန္ဒမဲကောက်ခံရာတွင်ပထမဦးဆုံးအကြိမ်ဖြစ်သည်။

အကယ်၍မဲပေးခြင်းသည်လွတ်လပ်ပြီးတရားမျှတမှုရှိလျှင်သူမ၏အမျိုးသားဒီမိုကရေစီအဖွဲ့အတွက်အဆုံးအဖြတ်ပေးမည့်အောင်ပွဲရှေ့ပြေးနိမိတ်အဖြစ်ထောက်ခံသူများကမျှော်လင့်ထားသည်။

သို့သော်လည်းသူမ၏အဓိကပြိုင်ဘက်ဖြစ်သည့်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါ တီ(USDP)သည်လည်းယုံကြည်မှုအပြည့်အဝရှိနေသည်။

သမ္မတဦးသိန်းစိန်ဦးဆောင်သောလွှတ်တော်အထိုင်ကျကျင်းပသည့်နေပြည်တော်၌ထောက်ခံသူများသည်USDP ၏မြစိမ်းရောင်ရှပ်အင်္ကျီများနှင့်ဦးထုပ်များဆောင်းကာလှည့်လည်နေကြပြီးပါ တီအလံများကိုဝှေ့ယမ်းကာတေးဂီတဖြင့်ကခုန်နေကြသည်။

လေးနှစ်ပြုပြင်ပြောင်းလဲမှုများကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်ခဲ့ကာနိုင်ငံတကာဖယ်ကျဉ်ထားမှုမှပြန်လည်လက်ခံလာအောင်လုပ်ဆောင်နိုင်ပြီးနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများလှိမ့်ဝင်လာအောင်လုပ်ဆောင်နိုင်သောကြံ့ခိုင်ရေးပါ တီကိုၑင်းတို့မှ

ချီးကျူးဂုဏ်ပြုခဲ့ကြသည်။

ငွေရေးကြေးရေးနှင့်အတူအလုပ်အကိုင်အခွင့်အလမ်းများရှိလာသည်၊နိုင်ငံရေးနှင့်လူမှုရေးလွတ်လပ်ခွင့်များယခင်ကလို ပြန်လည်ရရှိလာပြီးတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့်ငြိမ်းချမ်းရေးသဘောတူညီမှုတစုံတရာရရှိလာခဲ့သည်။

ထိုအကြောင်းအချက်များသည်သန်းနိုင်မှမဲပေးရာတွင်မဲပေးစေဖို့လုံလောက်စေသည့်အချက်များဖြစ်သည်။

သို့သော်လည်း၂၀၁၀ခုနှစ်၌မဲဆန္ဒပေးရာတွင်မဲလိမ်သည်ဟုစွပ်စွဲခံရသည့် USDP သည်မဲဆွယ်ရာတွင်ဘာသာရေးကိုအသုံးချခြင်းနှင့်ဗုဒ္ဓဘာသာအများစုရှိသည့်နိုင်ငံ၌မွတ်ဆလင်ဆန့်ကျင်ရေးကယက်ရိုက်အောင်ပြုလုပ်ခြင်းတို့တွင်လည်းပြစ်တင်ပြောဆိုခြင်းများနှင့်ရင်ဆိုင်နေခဲ့သည်။

ပြည်တွင်း၌အစွမ်းကုန်စည်းရုံးရေးဆင်းစဉ်တွင်အခြားသောလိမ်လည်လှည့်ဖျားမှုလှည့်ကွက်များနှင့်မဲဝယ်ခြင်းများပြုလုပ်သည်ဟုစွပ်စွဲမှုများသည်လည်းပျံ့နှံ့နေသည်။

USDPတစ်ခုတည်းသာမဟုတ်ပဲအခြားပါ  တီများသည်လည်းလွှတ်တော်နေရာ(၇၅)ရာခိုင်နှုန်းနိုင်ရန်အလားအလာမရှိဟု လေ့လာသူများကပြောလိုက်သည်။

သို့သော်လည်းအငြင်းပွားဖွယ်ရာအခြေခံဥပဒေကိုဖန်တီးခဲ့ပြီးအထက်လွှတ်တော်နှင့်အောက်လွှတ်တော်တွင်လွှတ်တော် နေရာ(၂၅)ရာခိုင်နှုန်းသည်စစ်တပ်အတွက်သီးသန့်ထားပြီးဖြစ်သည်။

သို့သော်လည်းရွေးကောက်ပွဲတွင်စိတ်ချလက်ချအနိုင်ရရှိရန်အတွက်NLD မှ(၆၇)ရာခိုင်နှုန်းရရှိရန်လိုအပ်သည်။

The content of the UNHCR Thailand Media Monitoring Reports should not be taken, in any way, to reflect the official view or opinion of the UNHCR.

**Links:**

Thailand-Myanmar Cross Border Web Portal: www.commonservice.info

Facebook: www.facebook.com/commonservice
www.facebook.com/commonserviceburmese
www.facebook.com/commonservicekaren